ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
သစ်တောဦးစီးဌာန

အမိန့်ကြော်ငြာစာအမှတ်( ၁၂၆ /၂၀၁၉)
၁၃၈၀ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၁)ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

အကြောင်းအရာ။ **ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါအောင်မြင်ခဲ့သည့် တင်ဒါလုပ်ကွက်အမှတ် (၂၅) ဧရိယာ(၁၀၀၀)ဧကအား ပြန်လည်သိမ်းဆည်းခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၃၀-၇-၂၀၁၈ ရက်စွဲပါစာအမှတ်၊ (သစ်တော) ၃(၂)/၀၃(EC)/(၂၇၀၆/၂၀၁၈)

၁။ ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့် ပုဂ္ဂလိကသစ်တောစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းဆောင်ရွက်ရန် တိုင်းဒေသကြီး/ပြည်နယ်(၆)ခုရှိ သစ်တောမြေ(၈၉၆၄၀)ဧက၊ လုပ်ကွက်(၃၇)ကွက်တို့ကို ဒုတိယအကြိမ်အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့ရာ တိုင်းဒေသကြီး(၂)ခုရှိ သစ်တောမြေ(၁၁၁၂၄)ဧက၊ လုပ်ကွက်(၇)ကွက်၊ လုပ်ငန်းရှင်(၆)ဦးတို့မှ တင်ဒါအောင်မြင်သူများအဖြစ် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ ၂၆-၁၀-၂၀၁၅ ရက်စွဲပါစာအမှတ်၊ စီမံကိန်း/သ-၁၂/(၂၀၃၁၄/၂၀၁၅)၊ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ အဆိုပါတင်ဒါအောင်မြင်သူများအနက် Meridian Myanmar Co.,Ltd မှ တင်ဒါအောင်မြင်ခဲ့သည့် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ကျောက်တံခါးမြို့နယ်၊ တင်ဒါလုပ်ကွက်အမှတ် (၂၅)၊ ဧရိယာ(၁၀၀၀) ဧကအား ကုမ္ပဏီမှ ပြန်လည်အပ်နှံလာခြင်းအပေါ် ၁၁-၆-၂၀၁၈ ရက်နေ့ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်သည့် ပုဂ္ဂလိကစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းဆိုင်ရာ တင်ဒါလုပ်ငန်းကြီးကြပ်မှု ဗဟိုကော်မတီ၏ (၁/၂၀၁၈)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အပေါ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ရည်ညွှန်းပါ ခွင့်ပြုချက်နှင့် နှစ်ရှည်မြေငှားရမ်းခြင်း နှစ်ဘက်သဘောတူစာချုပ် စည်းကမ်းအပိုဒ် ၁၃-၁(လ)တို့အရ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ(၂၆)ရက်နေ့မှစ၍ ပြန်လည်သိမ်းဆည်းလိုက်သည်။

ဒေါက်တာညီညီကျော်
ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာန

D:\Open Tender\Medridian Myanmar Co.,(G-16)\Order Meridian Myanmar 2019.doc